# သင့်အတွက် သတင်းကောင်း

## သင်ခန်းစာ (၁ – ၁၁)

*(Good News For You )*
*Lesson 1-11*

**(ရောင်းရန် မဟုတ်)**

# ညွှန်ကြားချက်များ

ဤသင်ခန်းစာသည် သမ္မာကျမ်းစာ သင်ခန်းစာအတွဲ ခုနှစ်မျိုးကို မိမိကိုယ်တိုင် လေ့လာနိုင်ရန် သို့မဟုတ် အကြံပေးသူများနှင့်သော်လည်းကောင်း၊ အဖွဲ့အလိုက်နှင့်သော်လည်းကောင်း၊ သင်ယူနိုင်ရန် စီစဉ်ထားသော သင်ခန်းစာဖြစ်ပါသည်။ ဤသင်ခန်းစာသည် မည်သူမဆို သမ္မာကျမ်းစာကို လေ့လာချင်သောသူတိုင်း အတွက် ဖြစ်ပါသည်။ ဤသင်ခန်းစာများကို မလေ့လာမီ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို လက်ရှိကိုင်ဆောင်ထားရန် လိုပါလိမ့်မည်။ အကြောင်းမှာ ဤသင်ခန်းစာသည် ဓမ္မသစ်ကျမ်းထဲမှာ ရှိသော ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အဓိက ထား၍ လေ့လာခြင်းဖြစ်သည်။

ယင်းသင်ခန်းစာထဲ၌ မေးခွန်းများကို ရိုးရိုးရှင်းရှင်းဖြင့် ၄င်းအဖြေ များကို သမ္မာကျမ်းစာထဲမှ တိုက်ရိုက် ပေးနိုင်ပါသည်။ မည်သည့် အဖြေမဆို သမ္မာကျမ်းစာကျမ်းပိုဒ်များ၌ မတွေ့မချင်း အဖြေ မလက်ခံပါနှင့်။

# သင်ခန်းစာ (၁ )
## လူသား၏ ပြဿနာ

၁။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို ________________တို့သည် ________________ မည်အကြောင်း ထိုသို့ယုံ၍ နာမတော် အားဖြင့်________________ ________________ကို ရမည်အကြောင်း ဤမျှလောက် ရေးထားလျက် ရှိသတည်း။ (ယောဟန် ၂၀း၃၁)

(ကွပ်လပ်များကို ဖြည့်ပါ။)

၂။ တစ်ဖန်တုံ ယေရှုက ငါသည် ဤလောက၏ ________________ ဖြစ်၏။ (ယောဟန် ၈း၁၂)

၃။ သခင်ခရစ်တော်၏ နောက်တော်လိုက်ဖို့ရန် အရေးကြီးပါသလား။

အရေးကြီး __________(သို့) အရေးမကြီး __________(ယောဟန် ၈း၁၂)

၄။ ယောဟန် (၈း၁၂) မှ လေ့လာခြင်းအရ ကျွန်ုပ်တို့သည် ခရစ်တော်၏ နောက်တော်သို့ လိုက်ခြင်းအားဖြင့် မည်သည့်အရာများ ရရှိမည်နည်း။

________________________________________________

၅။ အချို့သော လူတို့သည် ခရစ်တော်နောက်တော်ကို မလိုက်ပါ။ အဘယ် ကြောင့်ဆိုသော် လူတို့သည် ________________________ အကျင့်ကို ကျင့်သောကြောင့်________________ ထက်________________ ကို သာ၍ နှစ်သက်ကြ၏။ ( ယောဟန် ၃း၁၉)

၆။ အချို့သော လူများသည် မှောင်မိုက် (အပြစ်) ထဲ၌ အသက်ရှင်ခြင်းကို အဘယ် ကြောင့် ပို၍ နှစ်သက်ကြသနည်း။ (ယောဟန် ၃း၁၉-၂၀)

________________________________________________

၇။ ဒုစရိုက်ပြုသမျှသော လူတို့ကို သခင်ခရစ်တော်က မည်ကဲ့သို့ ဖော်ပြထား သနည်း။ (ယောဟန် ၈း၃၄)

________________________________________________

၈။ ဘုရားသခင်၏ စကားကို နားမထောင်သော သူတို့ကို ယေရှုက မည်သို့ မိန့်တော်မူသနည်း။ (ယောဟန် ၈း၄၇ )________________________

၉။ (ယောဟန် ၁၆း၉)အရ လူသားများသည် မည်သည့် ဒုစရိုက်အပြစ်ကိုပြုကြသနည်း။ ____________________

၁၀။ သားတော်ကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရ၏ သားတော်ကို ပယ်သောသူမူကား ____________________ ကို မတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏____________________တော် တည်နေသည်ဟု ယောဟန် ဟောလေ၏။ (ယောဟန် ၃း၃၆)

၁၁။ (ရောမ ၆း၂၃) ထဲ၌ သမ္မာကျမ်းစာက အပြစ်၏ အဖိုးအခကို ဖော်ပြထားပါသည်။ အပြစ်တရား၏ အခကား ____________________ ဖြစ်သည်။

> *"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ် အားဖြင့် ထာဝရအသက် ပေတည်း။"* ***(ရောမ ၆း၂၃)***

၁၂။ အောက်ဖော်ပြပါ စကားလုံးများထဲမှ အပြစ်အကြောင်းနှင့် ပတ် သတ်၍ အကောင်းဆုံး ဖော်ပြချက်ကို (ယင်းသင်ခန်းစာတွင် တွေ့ရှိရသော စကားလုံးများမှ) စစ်ဆေးပါ။

မှောင်မိုက်ထဲမှာ လိုက်လျှောက်ခြင်း____________________
ယုံကြည်ခြင်း ____________________
ကျွန်ဘဝ ____________________
မယုံကြည်မှု ____________________
ကယ်တင်ခြင်း ____________________
နာမခံခြင်း ____________________
အမှားကို လုပ်ခြင်း ____________________

၁၃။ အပြစ် ဒုစရိုက်ထဲတွင် ဆက်လက်ပြီး ကျင်လည်နေသောသူ တစ်ယောက်သည် ဘုရားသခင်၏____________________ တည်နေသည်။ (ယောဟန် ၃း၃၆)

၁၄။ အချို့သော လူတို့သည် သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်နှင့် သခင် အဖြစ် လက်မခံချင်လျက် (မယုံကြည်) ငြင်းပယ်ကြသည်။ (ယောဟန် ၁း၁၀-၁၁) မှန် ( ______ ) မှား ( ______ )

၁၅။ ဘုရားသခင်သည် လောကီသားတို့အတွက် ကိုယ်တော် အားဖြင့် ____________________သို့ ရောက်မည် အကြောင်း ဤလောကသို့ စေလွှတ်တော်မူ၏။ (ယောဟန် ၃း၁၇)



## သင်၏ အသစ်သော မွေးဖွားခြင်းသည် ဘယ်အချိန်ကလဲ

**မွေးဖွားခြင်း** **သေခြင်း**

*???*

________

သင်သည် မည်သည့်အချိန်၌ နောင်တရသနည်း။
သင်သည် မည်သည့်အချိန်၌ သမ္မာတရားထံသို့ လာသနည်း။
သင်သည် မည်သည့်အချိန်၌ ခရစ်တော် ထံတော်သို့ လာသနည်း။
သင်သည် မည်သည့်အချိန်၌ ခရစ်တော်၏ နာမကို ခေါ်သနည်း။
ဘုရားသခင်က သင့်ကို အဘယ်အချိန်၌ အသစ်ပြုပြင်သောလူ ဖြစ်စေသနည်း။

**<u>သင်သည် ဘယ်တုန်းကမှ ဒုတိယမွေးဖွားခြင်းကို မခံယူခဲ့လျှင်၊ သင်သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း (ဆက်စပ်မှု)ကို မရရှိနိုင်။</u>**

၅။ ကျမ်းစာလာသည်ကား - "ခမည်းတော် ငါ့အား ပေးတော်မူသမျှသော သူတို့သည် ______________ သို့ လာကြလိမ့်မည်။ ငါ့ထံသို့ ________________ သူကို ငါသည် အလျှင်းမပယ်။" (ယောဟန် ၆း၃၇)

ဘုရားသခင်သည် လူတိုင်းကို ________________ ဆီသို့ လာခြင်းငှာ အလိုတော်ရှိ၏။

အသစ်မွေးဖွားခြင်းသည် သင်၏ အသက်တာမှာ သခင်ခရစ်တော်ကို ကယ်တင်ရှင် ဖြစ်သည်ကို ယုံကြည်လက်ခံသော အချိန်ဖြစ်ပါသည်။

၆။ ကျမ်းစာလာသည်ကား - "အကြောင်းမူကား၊ ________________ ကို________________ ပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။" (ရောမ ၁၀း၁၃)

လူအပေါင်းတို့သည် လာ၍ ________________ ခြင်းငှါ ဘုရားသခင်သည် အလိုတော်ရှိ၏။

အသစ်သော မွေးဖွားခြင်းသည် သင့် အသက်တာမှာ သခင်ခရစ်တော်ကို သင်၏ အပြစ်မှခွင့်လွှတ်နိုင်ရန်အတွက် တောင်းဆိုရမည့်အချိန် ဖြစ်ပါသည်။

၇။ ကျမ်းစာလာသည်ကား - " လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် ________________ ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ __________________________ အရာတို့သည် ______________ ဖြစ်ကြပြီ။" ( ၂ ကောရိ ၅း၁၇)

ဘုရားသခင်သည် လူတိုင်းကို အသစ်ပြုပြင်သော ____________ ________________ ဖြစ်စေလို၏။

အသစ်သော မွေးဖွားခြင်းသည် မိတ်ဆွေ၏ အသက်တာမှာ ဘုရားသခင်သည် မိတ်ဆွေကို အသစ်သော အသက်တာကို ရစေပြီးနောက် သမ္မာကျမ်းစာအတိုင်းလိုက်လျှောက် အသက်ရှင်ရမည့် အချိန်ဖြစ်ပါသည်။



၁၆။ အဘယ်ကြောင့် လောကီသားတို့သည် ကယ်တင်ရှင်လိုအပ်နေပါသလဲ။ (အောက်ပါဖော်ပြထားသော ရောမ ၃း၂၃) ________________________________

*"အဘယ်ကြောင့် နည်းဟူမူကား ၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။"* ***(ရောမ ၃း၂၃)***

၁၇။ အထက်တွင်ဖော်ပြထားသော ကျမ်းချက်အရ မည်သည့်အချက်အရာသည် လူတစ်ယောက်၏ အဓိကပြဿနာ ဖြစ်သနည်း။ ________________

**အပြစ်တရားအကြောင်းကို သမ္မာကျမ်းစာထဲမှ ကျွန်ုပ်တို့ မိုပိုမိုဖတ်ရှုခြင်း။**

***"သင်တို့ ဒုစရိုက်သည် သင်တို့ကိုဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော် မမူစေခြင်းငှါ။ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီး။ "*** *(ဟေရှာယ ၅၉ း ၂ )*

ဓမ္မသစ်ကျမ်းမှ ကျွန်ုပ်တို့ ဖတ်ရှုခြင်း။

***" သင်တို့သည် အထက်က လောကီတရားတို့ လိုက်၍ အာကာသ ကောင်းကင်၏ တန်ခိုးကို အစိုးရသော မင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သော ဝိညာဉ်၏ အလိုနှင့်အညီ၊ ့စရိုက် အပြစ်တို့၌ ကျင်လည်ကြ၍၊ ထိုစရိုက်အပြစ်၌ သေလျှက် ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။ ထိုငြင်းဆန်သော သူတို့နှင့်တကွ ငါတို့ ရှိသမျှသည် အထက်က ကိုယ်ကာယ၏ အလိုသို့၄င်း၊ စိတ်၏ အလိုသို့၄င်းလိုက်သဖြင့်၊ ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍ ၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူ ဖြစ်ကြ၏။"*** *(ဧဖက် ၂း၁-၃)*

လူတစ်ယောက်၏ အပြစ်ထဲ၌ ကျင်လည်သော အချက်လေးချက်ကို အထက်တွင် ဖော်ပြထားသော ကျမ်းပိုဒ်မှ ရှာဖွေပြီး၊ တွေ့ရှိပါက ထိုစကားလုံး အောက်၌ မျဉ်းကြောင်း ရေးဆွဲပါ။

***"ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား၊ သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညစ်ညူးစွာ ကျင့်ခြင်း၊ကိလေသာလွန်ကျူးခြင်း၊ ရုပ်ထုကိုကိုးကွယ်ခြင်း၊ သူတပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်***

***ခြင်း၊ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကို ငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယဇ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှ စ၍ ထိုသို့သောအကျင့် ပေတည်း။ ထိုသို့သော အကျင့်ကို ကျင့်သော သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြဟု အထက်က ငါပြောနှင့် ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏။ ”(ဂလာတိ ၅း၁၉-၂၁)***

အထက်ဖော်ပြပါ ကျမ်းပိုဒ် ထဲတွင် ဇာတိအပြစ်၏ သဘောသဘာဝ အကြောင်း ဖော်ပြချက်၌ <u>မျဉ်းကြောင်း</u>ရေးဆွဲပါ။

ဤသင်ခန်းစာအရ အပြစ်တရားဆိုသည်မှာ ဘုရားသခင်၏အုပ်စိုးမှုကို ဝန်ခံခြင်း ( ______ ) သို့မဟုတ် မိမိ ကိုယ်ပိုင်အုပ်စိုးခြင်း ( ______ ) တစ်ခုခု အမှန်ခြစ်ပါ။

***“ တစ်ဖန် ဥပမာစကားကို မိန့်တော်မူသည်ကား၊ သူဌေးတစ်ဦး၌ မြေကောင်း၍ အသီးအနှံ များလှ၏။ ထို့သူဌေးက၊ ငါသည် အဘယ်သို့ ပြုရမည်နည်း၊ အသီးအနှံများကို သိုထားစရာ အရပ်မရှိ။ ပြုမည် အကြံမူကား၊ ငါ့တိုက်များကို ဖျက်၍ ကျယ်သောတိုက်တို့ကို တည်ပြီးမှ၊ ငါ၏အသီးအနှံ ရှိသမျှတို့ကို သိုထားမည်။ ငါ့ ဝိညာဉ်အားလည်း အချင်းဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာ နေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့၊ ငါပြောမည်ဟု သူဌေးအကြံရှိ၏။ ထိုသို့အကြံ ရှိစဉ်တွင် ဘုရားသခင်က၊ အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ ဝိညာဉ်ကို ရုတ်သိမ်းရာ အချိန်ရောက်လိမ့်မည်။ သို့ ဖြစ်၍ သင်သည် ပြင်ဆင် သိုထားသောဥစ္စာကို အဘယ်သူ ပိုင်မည်နည်းဟု သူဌေးအား မိန့်တော်မူ၏။ ထိုအတူ ကိုယ်အဘို့ ဘဏ္ဍာများကို ဆည်းဖူး၍ ဘုရားသခင် ရှေ့တော်၌ ဆင်းရဲသောသူမည်သည်ကား၊ ထိုသူဌေးနှင့် တူသည်ဟု မိန့်တော်မူ၏။” (လုကာ ၁၂း၁၆-၂၁)***

အထက်ဖော်ပြပါ ကျမ်းပိုဒ်ထဲတွင် ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော နာမ်စားများကို <u>မျဉ်းကြောင်း</u>ရေးဆွဲပါ။ (ဥပမာ ထိုသူဌေး၊ ငါ၊ ငါ့ ၊ ကိုယ်)

ထိုသူဌေးသုံးသော စကားလုံးများသည် အတ္တအုပ်စိုးမှုအောက်၌ရှိခြင်း သို့မဟုတ် ကိုယ့်ကိုကိုယ် အဓိက ထားခြင်းကို ဖော်ပြနေပါသည်။ ထိုအရာသည် ကြီးမားသော အပြစ်ပင် ဖြစ်ပါသည်။



မည်သည့် စာအုပ်သည် လူတစ်ယောက် ဒုတိယမွေးဖွားခြင်းကို ရနိုင်ရန် အတွက် အရေးကြီးသော စာအုပ်ဖြစ်သနည်း။ ______________ ________

လူတစ်ယောက်သည် ဒုတိယမွေးဖွားခြင်းကို မရခင်မှာ သူသည် ဘုရားသခင်၏ နှုတ်တော်ထွက်ကျမ်းစာကို အရင် **ကြား**ရမည်။ ပြီးနောက် သူသည် ဘုရားသခင်၏ ပညတ်တရားများကို ချိုးဖောက်ခဲ့သည် ဟူ၍ **နားလည်သဘောပေါက်**ရမည်။ ပြီးနောက် သူသည် နောင်တရခြင်းနှင့် ဧဝံဂေလိတရားကို ယုံကြည်ခြင်းဖြင့် **တုံ့ပြန်**သော အသက်တာ ရှိရမည်။

## <u>ဝိညာဉ်ရေးရာဖြင့် မွေးဖွားခြင်း၌ ဘယ်လိုဖြစ်ပျက်မှုများ ရှိသနည်း။</u>

၃။ ကျမ်းစာလာသည်ကား - ‘လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည် အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ ______________။ ငါတို့တွင် အဘယ်သူမျှ ______________ ရှိသမျှတို့သည် ______________ ရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။” (၂ ရှင်ပေတရု ၃း၉)

ဘုရားသခင်သည် လူတိုင်းကို ______________ ______________ငှါ အလိုတော်ရှိ၏။

အသစ်မွေးဖွားခြင်း ရှိသောအသက်တာသည် ဘုရားသခင် ရှေ့တော်မှောက်မှာ သင်သည် အပြစ်ရှိကြောင်း ဝန်ခံ၍ နောင်တရလာချိန်တွင်းမှာပင် ဖြစ်ပါသည်။

၄။ ကျမ်းစာလာသည်ကား - “လူအပေါင်းတို့သည် ______________ သို့ ရောက်၍ သမ္မာတရားကို ____________ ခြင်းငှာ၊ ဘုရားသခင် အလိုတော် ရှိ၏။” ( ၁ တိမောသေ ၂း၄)

ဘုရားသခင်သည် လူအပေါင်းတို့ ကယ်တင်ခြင်းသို့ ရောက်၍ ______________ ကို သိစေခြင်းငှါ အလိုရှိ၏။ အသစ် မွေးဖွားခြင်း ရှိသော အသက်တာသည် ဘုရားသခင်၏ ဧဝံဂေလိ တရားကို သိကျွမ်းပြီး သမ္မာတရားကို ရွေးချယ်၍ လက်ခံယုံကြည်ခြင်း ဖြစ်ပါသည်။

## သင်ခန်းစာ (၁၁)
## အသစ်သော မွေးဖွားခြင်း

မှတ်ချက်။ ။ အချို့သောသူတို့သည် ဘုရားသခင်ကို မည်သို့ ယုံကြည်အားကိုးလိုသည့်အကြောင်းကို ကျွန်ုပ်တို့ သင်ကြားခဲ့ပါပြီ။

(က) လူသားတိုင်းသည် ဘုရားသခင်၏ ပညတ်တရားကို ချိုးဖောက် ခဲ့ကြပါသည်။

(ခ) အချို့သော သူတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့နိုင်ခဲ့ကြပါသည်။

(ဂ) မိတ်ဆွေ၏ အသက်တာမှာ သခင်ခရစ်တော် တစ်ပါးတည်းသာ ဘုရားသခင်နှင့် ဆက်သွယ်ပေးနိုင်သောအရှင် ဖြစ်ပါသည်။

(ဃ) လူသားတိုင်းသည် နောင်တရပြီး ခရစ်တော်၏ ဧဝံဂေလိတရားကို ယုံကြည်လက်ခံရန် အတွက် ဖြစ်ပါသည်။

၁။ ကျမ်းစာလာသည်ကား - "ယေရှုက၊ ________________ ကိုမခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်ကန် ဆိုသည်မှာ ပြန်၍ မိန့်တော်မူ၏။" (ရှင်ယောဟန် ၃း၃)

ဘုရားသခင်နှင့် မိဿဟာယဖွဲ့ (ဆက်စပ်မှု) ရရှိနိုင်ရေးအတွက် ဒုတိယ မွေးဖွားခြင်းခံမှသာလျှင် ဖြစ်၏။

လူတစ်ယောက်သည် ဇာတိအားဖြင့် ဘယ်နှစ်ကြိမ် မွေးဖွားသနည်း။

________________

လူတစ်ယောက်သည် ဝိညာဉ်ရေးဆိုင်ရာ အားဖြင့် ဘယ်နှစ်ခါမွေးဖွားခြင်းခံရမည်နည်း။ ________________

မွေးဖွားခြင်းအရာသည် အမှတ်တရဖြစ်စေသော အရေးကြီးသည့် ဖြစ်ရပ်ဖြစ်ပါသည်။ ထိုအရာသည် တစ်ကြိမ်တည်းသာဖြစ်ပြီး တစ်ခဏတာ အချိန်အတွက် အမြဲဖြစ်ရပ်တစ်ခု ဖြစ်တတ်ပါသည်။

၂။ ကျမ်းစာလာသည်ကား - "မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော ________________၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ ________________ ________အားဖြင့် ဖြစ်သွားသောကြောင့်။" (၁ပေတရု ၁း၂၃)



သို့သော်လည်း မိတ်ဆွေအတွက် သတင်းကောင်း ရှိပါသည်။

သမ္မာကျမ်းစာက (၁ ယောဟန် ၃း၄-၅) ထဲတွင် ဖော်ပြထားသည်မှာ -

***"ဒုစရိုက်ကို ပြုသောသူမူကား၊ ပညတ်တော်ကို လွန်ကျူး၏။ ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်း ဖြစ်သတည်း။ ကိုယ်တော်သည် ငါတို့၏ အပြစ်များကို ဆောင်သွားခြင်းငှါ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်း အပြစ် မရှိ။"***

နောက်သင်ခန်းစာကို ဆက်လက်မလေ့လာမီ ကျေးဇူးပြု၍ (ရောမ ၃း၂၃) ကို အလွတ်ကျက်မှတ်ပါ။

## သင်ခန်းစာ (၂)
## လူ၏ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်

လူတစ်ယောက်၏ အဓိကပြဿနာသည် အပြစ်ဖြစ်ကြောင်း သင်ခန်းစာ (၁) တွင် လေ့လာခဲ့ပြီးဖြစ်ပါသည်။

၁။ (ယောဟန် ၁၆း၉) တွင် အပြစ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သိရှိရသည်မှာ ________________________________ ဖြစ်ပါသည်။

၂။ သခင်ယေရှု မိန့်တော်မူသည်ကား ကိုယ်တော်ကို မယုံကြည်သောသူသည် ________________လိမ့်မည်။ (ယောဟန် ၈း၂၄)

သမ္မာကျမ်းစာက ပြောသည်မှာ **"အပြစ်တရား၏ အခကား သေခြင်း။"** **(ရောမ ၆း၂၃)**

သေခြင်းဟူသော စကားလုံး၏ ဆိုလိုရင်းက ဒုတိယသေခြင်းကို ပြောခြင်းဖြစ်ပါသည်။ တစ်နည်းကား ထာဝရဘုရားသခင်နှင့် ခွဲခွာခြင်း ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲတွင် တွေ့နိုင်ပါသည်။

***"ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသော မေထုန်၌မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား၊ ဒုတိယသေခြင်း တည်းဟူသော မီးကန့်နှင့် လောင်သော မီးအိုင်ထဲ၌ မိမိတို့အဘို့ကိုရကြလိမ့်မည်ဟူ၍ငင်း***

***ငါ့အားမိန့်တော်မူ၏။ " (ဗျာဒိတ် ၂၁း၈)***

၃။ ဘုရားသခင်သည် အပြစ်သားများအပေါ် မည်ကဲ့သို့ သဘောထား ရှိပါသနည်း။ (ရောမ ၅း၈၊ အောက်တွင်ဖော်ပြထားသည်)

_______________________________________________

*" ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည် ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။" (ရောမ ၅း၈)*

၄။ (ရှင်ယောဟန် ၃း၁၆)ကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် သူ့ရဲ့ ချစ်ခြင်းမေတ္တာကို အပြစ်သားများအတွက် မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။

_______________________________________________

***ကျမ်းစာလာသည်ကား*** *"ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍၊ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင်အထံတော်သို့ ပို့ဆောင်ခြင်းငှာ၊ ဖြောင့်မတ်တော်မူသောသူသည်၊ မဖြောင့်မတ်သော သူတို့အတွက်၊ ဒုစရိုက်အပြစ်များကြောင့် တခါခံတော်မူ၏။" (၁ ပေတရု ၃း၁၈)*

၅။ ယေရှုကြွလာတော်မူသည်ကို ယောဟန်သည် မြင်လျှင်၊ ဤလောက၏ ________________ကို ဆောင်သွားသော ______________ကို ကြည့်လော့။ (ယောဟန် ၁း၂၉)

ဓမ္မဟောင်းခေတ်၌ အပြစ်အနာအဆာနှင့် ကင်းသောသိုးသငယ် (ငယ်သောသိုး)ကို သတ်ပြီး ယဇ်ပူဇော်ကြသည်။ (အပြစ်ကင်းသော အစားထိုးခြင်းဖြင့်) လူသားများ၏ အပြစ်များအတွက် အကြွေးပေးဆပ်ဖို့ရန်ဖြစ်သည်။ ဤအရာသည် သခင်ခရစ်တော်ကို ပုံဆောင်ထားခြင်းဖြစ်သည်။ ခရစ်တော်သည် ဤလောကသို့ ကြွလာတော်မူသော ဘုရားသခင်၏ စစ်မှန်သော သိုးသငယ် ဖြစ်သည်။



ယုံကြည်ခြင်းသည် အဘယ်အရပ်မှ လာသနည်း။

______________________________

၁၁။ ကျမ်းစာလာသည်ကား - " ဘုရားသခင်၏ သားတော်ကို __________ သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ______________ အသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (ရှင်ယောဟန် ၃း၁၆)

စစ်မှန်သော ယုံကြည်ခြင်းသည် ခရစ်တော်၌ ယုံကြည်ခြင်း ဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်ခြင်းသည် ခရစ်တော်ကို အားကိုးယုံကြည်လက်ခံခြင်း ပင်ဖြစ်ပါသည်။ ခရစ်တော်တစ်ပါးတည်းသာလျှင် မိတ်ဆွေကို အပြစ်မှ ကယ်တင်နိုင်သော ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ယုံကြည်ခြင်းဖြစ်ပါသည်။ လူများစွာတို့သည် ကယ်တင်ခြင်းကို ရယူလိုသော်လည်း ခရစ်တော်၏ သတင်းကောင်း (ဧဝံဂေလိ)ကို ဘယ်သောအခါမျှ လက်မခံချေ။ သူတို့သည် ဘုရားသခင်၏ ပြုပြင်ပြောင်းလဲခြင်းကို သဘောမတူ သည့်အပြင် သူတို့၏အပြစ်လမ်းထဲမှဘုရားသခင်၏အလိုကို မလိုက်ကြပါ။ ခရစ်တော်နောက်လိုက်ရန်အတွက် သူတို့သည် ဆက်ကပ်လိုခြင်း မရှိကြပေ။ မိတ်ဆွေသည် အပြစ်အတွက် နောင်တရပြီး ဧဝံဂေလိ တရားတော်ကို ယုံကြည်ခဲ့ဖူးသလား။

လူတစ်ယောက်က "ငါ့မှာ ယုံကြည်ခြင်း ရှိသည်" ဟုပြောလျက်သူ၏ အသက်တာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်း မရှိလျှင် သူ၏ယုံကြည်ခြင်းသည် စစ်မှန်မည်လော၊ ကယ်တင်ခြင်းအတွက် ဖြစ်စေသော ယုံကြည်ခြင်းမျိုး သက်ရောက်စေမည်လော။

____________________

၈။ ကျမ်းစာလာသည်ကား - "ထိုနည်းတူ၊ ____________ ____________ယုံကြည်ခြင်းသည် တစ်ပါးတည်းရှိ သောကြောင့် အသေဖြစ်၏။" (ရှင်ယောကုပ် ၁း၁၆-၁၇)

ကောင်းမှုလုပ်ခြင်းဖြင့် အဘယ်သူ တစ်ယောက်မျှ ကိုယ့်ကိုယ်ကို မကယ်တင်နိုင်။ သို့သော်လည်း စစ်မှန်သော ယုံကြည်ခြင်းရှိသောသူသည် ကောင်းသောအရာကို ကျင့်ဝတ်ကြ၏။ စစ်မှန်သော ယုံကြည်ခြင်းသည် အလွန်လေးနက်ပါသည်။

၉။ ကျမ်းစာလာသည်ကား -"ဘုရားသခင် တဆူတည်းရှိသည်ဟု သင်သည် ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည် ______ ၍__________ တုန်လှုပ်ကြ၏။" (ယာကုပ် ၂း၁၉)

မည်သူက ဘုရားသခင်ကို ယုံကြည်၍ ကြောက်ရွံ့တုန်လှုပ်ကြသနည်း။

____________ ____________

နတ်ဆိုးတို့သည် ကယ်တင်ခြင်းကို ရရှိသောသူ ဖြစ်ကြမလား။

____________________

စစ်မှန်သော ယုံကြည်ခြင်းသည် ဘုရားသခင်ရှိသည်ဟူသော ယုံကြည်ခြင်းထက် သာ၍ မြင့်မားလေးနက်၏။

၁၀။ ကျမ်းစာလာသည်ကား - "ယုံကြည်ခြင်းသည်____________ အားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ____________ ၏__________ တော် အားဖြင့် ဖြစ်၏။" (ရောမ ၁၀ း ၁၇)



၆။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားသော သခင်ခရစ်တော်၏အသေခံခြင်းအကြောင်းကိုဖတ်ပါ။ လူသားများ၏ ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်ကို ကြည့်ပါ။ (ယော ၁၉း၁-၃၇)

၇။ ယေရှုခရစ်တော်သည် အဘယ်ကြောင့် လက်ဝါးကပ်တိုင်၌ အသေခံရသနည်း။ (ယောဟန် ၁း၂၉) ____________________

၈။ ခရစ်တော်ကို အမှုစစ်ဆေးသောအခါ သူ၌ တွေ့ရှိရသည်မှာ (ယောဟန် ၁၉း၄) အပြစ်ရှိခြင်း ____________

အပြစ်မရှိခြင်း ____________

(အဖြေမှန်ကို အမှန်ခြစ်ပါ)

၉။ ခရစ်တော်သည် မည်ကဲ့သို့ အသေခံသနည်း။ (ယောဟန် ၁၉း၁၇-၁၈)

____________________

၁၀။ ခရစ်တော်သည် အဘယ်ကြောင့် ကျွန်ုပ်တို့ကိုယ်စား အသေခံခြင်းကို ရွေးချယ်ခဲ့သနည်း။ (ယောဟန် ၁၅း၁၂-၁၃)

____________________

၁၁။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းသည် -(ယောဟန် ၁၀း၁၇-၁၈) (အောက်ပါကွပ်လပ်အနက် အမှန်တခုကို ခြစ်ပါ)

____________ သူ့ကို အတင်းခိုင်းခြင်းကြောင့်။

____________ သူကိုယ်တိုင် ရွေးချယ်ခြင်း။

၁၂။ သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသောအခါ ကျွန်ုပ်တို့ အပြစ်အတွက် သူ၏ ပေးဆပ်ခြင်းအတွက် မည်သည့် စကားလုံးများကို ဖော်ပြခဲ့ သနည်း။ (ယောဟန် ၁၉း၃၀)

____________________

၁၃။ ခရစ်တော် အသေခံခြင်းအားဖြင့် မည်သည့်ကြီးမားသောအရာကို ဖြစ်ပေါ်စေသနည်း။ (ယောဟန် ၂၀း၉)

____________________

၁၄။ ကျွန်ုပ်တို့ အပြစ်ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်သည် ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်မှာ ____________ ခံခြင်းအားဖြင့် ဖော်ပြပြီးသား ဖြစ်ပါသည်။ (ယောဟန် ၁၉း၃၀)

၁၅။ အဘယ်ကြောင့် ဘုရားသခင်သည် သားတော် သခင်ခရစ်တော်ကို ကျွန်ုပ်တို့နေရာ၌ အစားထိုးသနည်း။။ အကျိုးအကြောင်း နှစ်ချက်ဖော်ပြပေးပါ။ (ယောဟန် ၃း၁၆) ________________________________________

________________________________________

ခရစ်တော်အသေခံခြင်းအကြောင်းနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ကျမ်းချက်များကို ဖတ်ရှု ပါ။

*"ငါသည် ကိုယ်တိုင်ခံယူသည် အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ် ပြီးမှ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက် တော်မူ၏။ "(၁ကော ၁၅း၃-၄)*

အထက်တွင် ဖော်ပြထားသော ကျမ်းချက်ထဲမှ ခရစ်တော်နှင့် သက်ဆိုင်သော အလွန် အရေးကြီးသည့် အချက်သုံးချက်ကို မျဉ်းကြောင်းရေးဆွဲပါ။

ကျမ်းစာပြောသည်ကား -

*"ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်း ပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။ ယဇ်ပုရောဟိတ်မည်သည်ကား၊ နေ့တိုင်း ဝတ်ပြုလျက်၊ အပြစ်ကို မဖြေနိုင်သော ယဇ်ကို အထပ်ထပ်အဖန်ဖန် ပူဇော်လျက် ရပ်နေရ၏။ ထိုသခင်မူကား၊အပြစ်ကို ဖြေခြင်းငှာ ယဇ်တခုတည်းကိုပူဇော်ပြီး မှစ၍ ဘုရားသခင်၏ လကျာ်တော်ဘက်၌ အစဉ်အမြဲထိုင်၍" (ဟေဗြဲ ၁၀း၁၀-၁၂)*

*"အခြားသောယဇ်ပုရောဟိတ်မင်းတို့သည် ကိုယ်အပြစ်ကြောင့်၄င်း၊ လူအများအပြစ်ကြောင့်၄င်း၊ နေ့တိုင်း ယဇ်ပူဇော်ရသကဲ့သို့ ထိုသခင်သည် ယဇ်ပူဇော်စရာအကြောင်းမရှိ။ အဘယ်ကြောင့် နည်းဟူမူကား၊ မိမိကိုယ်ကို တစ်ခါတည်း ယဇ်ပူဇော်၍ ထိုအမှုကိုပြီး စေတော်မူပြီ။" (ဟေဗြဲ ၇း၂၇)*

ထိုသခင်မူကား၊ အပြစ်ကို ဖြေခြင်းငှာ ယဇ်____________________
တည်းကို ပူဇော်ပြီးမှ စ၍ ပူဇော်သောအားဖြင့်
____________________သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။



သင်သည် ဘုရားသခင့် ရှေ့တော်မှာ အဘယ်သောအခါတုန်းကမှ နောင်တရခြင်း မခံယူခဲ့သေးသည်ဖြစ်၏။

၅။ ကျမ်းစာလာသည်ကား - " ငါတို့သည် သင်တို့ အထဲသို့ အဘယ်သို့ ________________ အကြောင်းအရာကို သူတို့သည် ကိုယ်တိုင် ကြားပြောကြ၏။ အသက်နှင့် ပြည့်စုံလျက် မှန်တော်မူသော ဘုရားသခင်၏ ________________ ကို သင်တို့သည် ဆောင်ခြင်းငှာ၄င်း။" (၁ သက်သာလောနိတ် ၁း၉)

ဤသူတို့သည် နောင်တရလာသောအခါ သူတို့သည် ရုပ်ထုကိုးကွယ်ခြင်းမှ ဘုရားသခင်ဆီသို့ ပြန်လှည့်ခြင်း ဖြစ်ပါသည်။ မှန်ကန်သော နောင်တရ ခြင်းသည် မိတ်ဆွေကို ရုပ်ထုကိုးကွယ်ခြင်းမှ စွန့်လွှတ်စေနိုင်ခဲ့သောအရာ ဖြစ်ပါသည်။

၆။ သမ္မာကျမ်းစာက - "ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာ ဆုံးမရမည်။ ____________ ကို ဝန်ခံခြင်းအလိုငှါ ________________ ကို ဘုရားသခင်ပေးကောင်းပေးတော်မူ၍။" (၂ တိမောသေ ၂း၂၅)

လူတစ်ယောက်သည် နောင်တရလာသောအခါ မည်သည့် အရာကို ဝန်ခံရမည်နည်း။

________________ ________________ နောင်တရခြင်း၏ အကြောင်းရင်းမှာ လူတစ်ယောက်သည် ဘုရားသခင်၏ သမ္မာတရားနှင့် သဘောတူညီခြင်းပင် ဖြစ်ပါသည်။ ပထမတွင် သူ၏ အပြစ်ကြောင့် ငရဲပြည်နဲ့ ထိုက်တန်ပါ၏။ အကြောင်းမှာ သူသည် ဘုရားသခင်၏ ပညတ်တရားကို ချိုးဖောက်သောကြောင့် ဖြစ်ပါသည်။

ယုံကြည်ခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။

၇။ ကျမ်းစာလာသည်ကား - "ငါသည် ________________ ရှိ၏ဟု ပြောလျက် အကျင့်ကို ____________________နေလျှင် အဘယ်အကျိုး ရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော့။" (ရှင်ယာကုပ် ၂း၁၄)

ဧဝံဂေလိတရား အကြောင်းကို **ယုံကြည်**ရမည်။ ကျွန်ုပ်တို့ ဤစကားလုံး နှစ်ခုကို နီးနီးကပ်ကပ် ကြည့်ကြပါစို့။

## သမ္မာကျမ်းစာမှာ နောင်တရခြင်းအကြောင်းကို မည်ကဲ့သို့ ဖော်ပြသနည်း။

၃။ ကျမ်းစာလာသည်ကား - "ထိုကြောင့် အကျွန်ုပ်သည် ကိုယ်ကို ရွံရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍ နောင်တရပါ၏ ဟုလျှောက်လေ၏။" (ယောဘ ၄၂း၆)

ယောဘသည် နောင်တရာနေရာသို့ ရောက်လာသောအခါ သူ့ကိုသူ မည်ကဲ့သို့ ထင်မှတ်သနည်း။ ____________________________________

၄။ ကျမ်းစာလာသည်ကား - "အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ___________________ နှင့် ယှဉ်သော___________________ စိတ်တည်းဟူသော၊ မပြောင်းလဲနိုင်သောနောင်တစိတ်ကို ပြုပြင်တတ်၏။ လောကီ ဝမ်းနည်းခြင်းမူကား၊ သေခြင်းကို ပြုပြင်တတ်၏။" (၂ကော ၇း၁၀)

စစ်မှန်သော နောင်တရခြင်း၌ မည်ကဲ့သို့သော စိတ်ဝမ်းနည်းခြင်းမျိုးကို လိုအပ်သနည်း။ ____________________________________

လူသားတို့၏ စိတ်ဝမ်းနည်းခြင်းအရာတို့သည် သင်၌ ဒုက္ခနှင့်ရင်ဆိုင်ကြုံတွေ့သောအချိန် သို့မဟုတ် ဥပဒေကို ချိုးဖောက်သောအခါ ထိုအရာ၏ အကျိုးသက်ရောက်မှုများကို မရင်ဆိုင်ချင်သောကြောင့် ထွက်ပေါ်လာခြင်း ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ဘုရား တရားနှင့်ဆိုင်သော စိတ်ဝမ်းနည်းမှုမှာ သင်သည် ဘုရားသခင့် ရှေ့မှောက်တွင် အမှားများကို ပြုမိသောကြောင့် ထိုအမှားလုပ်ခြင်းမှ အမှန်သို့ ပြောင်းလဲလိုသော စိတ်ဆန္ဒရှိခြင်း ဖြစ်ပါသည်။ သင်သည် ဒုစရိုက် အပြစ်ပြုမှုကြောင့် ဘုရားသခင့် ထံတော်သို့ နောင်တ စိတ်ဝမ်းနည်းခြင်း မရှိခဲ့လျှင်



၁၆။ အချုပ်အားဖြင့် ယောဟန် ၃း၁၆ -၁၈ ကိုဖတ်ပါ။

ဤကျမ်းပိုဒ်များအားဖြင့် ဘုရားသခင်သည် မိမိ၏သားတော်ကို ကျွန်ုပ်တို့အတွက် ပေးဆပ်ခြင်းကို သိရှိနိုင်ပါသည်။ ထို့အပြင် လူတစ် ယောက်သည် ထာဝရအသက်ကို ရရှိရန်အတွက် သားတော်ကို ___________________ရမည်။

နောက်သင်ခန်းစာအတွက် ဆက်လက် လေ့လာရန် ပြင်ဆင်ပါ။ အဘယ် ကြောင့်ဆိုသော် မိတ်ဆွေအတွက် သတင်းကောင်း ရှိနေပါသည်။ သင်၏အသိ မိတ်ဆွေ၊ သူငယ်ချင်းများကိုလည်း ထိုသတင်းကောင်းကို ဝေငှပါ။

နောက်သင်ခန်းစာ တစ်ခု ဆက်လက်၍ မသွားမီ (ရောမ ၅း၈) ကို အလွတ်ကျက်ထားပါ။

# သင်ခန်းစာ (၃)
# လူ၏ တုံ့ပြန်မှု

၁။ ပညာရှိသော လူများသည် မည်သည့် အရေးကြီးသော မေးခွန်းကို မေးသင့်သနည်း။ (ယောဟန် ၁၈း၃၈)

________________________________________________________

၂။ သခင်ခရစ်တော် ဆုတောင်းသည်မှာ ကိုယ်တော်၏ ___________________ ___________________သည် သမ္မာတရားဖြစ်ပါ၏။ (ယောဟန် ၁၇း၁၇)

၃။ ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ _______________ လည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။ (ယောဟန် ၁၄း၆)

၄။ ယေရှုက ___________________နှင့် စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို နားထောင်ကြသည်ဟု မိန့်တော်မူ၏။ (ယောဟန် ၁၈း၃၇)

၅။ သခင်ယေရှုကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်မခံသောသူ တစ်ယောက်အား သခင်ယေရှု မိန့်တော်မူသည်မှာ နောက်ဆုံးသောနေ့၌ ထိုသူအား ___________________ လိမ့်မည်။ (ယောဟန် ၁၂း၄၈)

၆။ ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည် မယုံကြည်လျှင် ___________________၌ သေကြလိမ့် မည်ဟု မိန့်တော်မူ၏။ (ယောဟန် ၈း၂၄)

၇။ သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် ______________ မည်ဟု ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏။ (ယောဟန် ၈း၃၂)

၈။ ထို့ကြောင့် ______________ သင်တို့ကို လွတ်လျှင်၊ သင်တို့သည် ဧကန် အမှန် လွတ်ကြလိမ့်မည်။ (ယောဟန် ၈း၃၆)

၉။ ယေရှုက၊ **"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့______________ကို ______________ ၍ ငါ့ကို စေလွှတ်တော်မူသောသူကို ______________ သောသူသည် ထာဝရအသက်ကိုရသည် ဖြစ်၍ ______________ ခြင်းကို မခံရ။______________ မှ______________ ခြင်းသို့ ကူးပြောင်သူဖြစ်၏။ (ယောဟန် ၅း၂၄)**

၁၀။ ______________ကြောင့် လူသားအားလုံးသည် စီရင်ချက်ခံရမည်မှာ ဧကန် မှန်ပေ၏။ (ရောမ ၆း၂၃) အောက်ပါဖော်ပြချက်။

*"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ် အားဖြင့် ထာဝရ အသက်ပေတည်း" (ရော ၆း၂၃)*

၁၁။ လူ၏ အပြစ်ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်မှာ ______________ ကို လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံတော်မူခြင်းပေတည်း။ (ယောဟန် ၃း၁၇)

**ကျမ်းစာလာသည်ကား -**

*" ဆိုးသောသူသည် မိမိလမ်းကိုင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုင်း၊ စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်း လဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ ဘုရားသခင်ထံ တော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူ လိမ့်မည်။ (ဟေရှာယ ၅၅း၇)*

၁၂။ အောက်ဖော်ပြပါ ကျမ်းချက်တွင် လောကီသားတို့သည် ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်နိုင်ရန် သခင်ယေရှုက မည်ကဲ့သို့ ပြောခဲ့သနည်း။ အဲ-က အချက်နှစ်ခုကို မျဉ်းသားပေးပါ။

*"ယောဟန်သည် ထောင်ထဲသို့ ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြ လော့၊ ဧဝံဂေလိ တရားကို ယုံကြည်ကြလော့*



# သင်ခန်းစာ (၁၀)
# ကယ်တင်ခြင်း၏ လိုအပ်ချက်များ

ဤသင်ခန်းစာထဲ၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အမှန်တကယ် မိဿဟာယဖွဲ့နိုင်ရေးအတွက် လုပ်ဆောင်ရမည့် အရာများကို လေ့လာကြည့်ရှုသွားမည်ဖြစ်ပါသည်။ သခင်ခရစ်တော်သည် လောကလူသား အပြစ်တွက် အသေခံခဲ့သော်လည်း လူတို့သည် သူတို့၏ အပြစ်ခွင့်လွှတ်ခြင်းတရားကို လက်ခံရရှိခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဧဝံဂေလိတရားကို မနာခံ၊ မယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။

၁။ ကျမ်းစာလာသည်ကား - "ယောဟန်သည် ထောင်ထဲသို့ ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ ______________ ရကြလော့။ ______________တရားကို ______________ကြလော့ ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ______________တရားကို ဟောတော်မူ၏။" (မာကု ၁း၁၄-၁၅)

လူတိုင်းလုပ်ဆောင်ရမည့် အရာနှစ်မျိုးကို သခင်ယေရှု မည်ကဲ့သို့ ဖော်ပြသနည်း။

______________________________

၂။ ကျမ်းစာလာသည်ကား - "ဘုရားသခင့် ရှေ့တော်၌ ______________ ရခြင်းတရားကိုင်း၊ ငါတို့သခင် ယေရှုခရစ်ကို ______________ခြင်း တရားကိုင်း၊ ယုဒလူ၊ ဟေလသလူတို့ အား သက်သေခံသည်အကြောင်း အရာကို သင်တို့ သိကြ၏။" (တမန် ၂၀း၂၁)

ရှင်ပေါလုသည် မည်သည့်အရာနှစ်မျိုးကို ယုဒလူနှင့် ဟေလသလူတို့ အတွက် သက်သေခံသနည်း။

______________________________

လူတစ်ယောက်သည် ဧဝံဂေလိတရားကို နာခံနိုင်ရေးအတွက် သူသည် သူ့အပြစ်မှ **နောင်တ**ရရှိဖို့ လုံး၀ လိုအပ်ပါသည်။ ထိုသို့ဖြင့် သခင်ခရစ်တော်၏

ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ______ ၏ __________ ဖြစ်၏။"

(ယောဟန် ၅း၃၆-၃၉)

အခန်းငယ် (၃၆)မှာ သခင်ယေရှုသည် စစ်မှန်သော မေရှိ (ခရစ်တော်) ဖြစ်ကြောင်း မည်သို့ သက်သေပြပါသနည်း။

________________________________

အခန်းငယ် (၃၇) မှာ သခင်ယေရှုသည် စစ်မှန်သောမေရှိ (ခရစ်တော်) ဖြစ်ကြောင်း မည်သူကကြေငြာသနည်း။

________________________________

အခန်းငယ် (၃၉) မှာ သခင်ယေရှုပြောထားသည်မှာ သမ္မာကျမ်းစာကပင် မည်သူ၏ အကြောင်းကို သက်သေပြုပါသနည်း။

________________________________

၆။ ကျမ်းစာလာသည်ကား - "အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ________________________ အတွက်ကြောင့် ________________________ ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင် ရှေ့တော်၌ ________________ သောသူဖြစ်မည် အကြောင်းတည်း။" (၂ကော ၅း၂၁)

တစ်နည်းအားဖြင့် ခရစ်တော်သည် သင်၏ နေရာ၌ အစားထိုး လဲလှယ်ပေး ခြင်း ဖြစ်ပါသည်။ သင်၏ အပြစ်ကြွေးအားလုံးကို ယူဆောင်သွားပြီး သူ၏ ဖြောင့်မတ် ခြင်းကို ရရှိနိုင်ရန် သူ့အသက်ကို စတေးခြင်း ဖြစ်ပါသည်။



*ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏" (မာကု ၁း၁၄-၁၅)*

၁၃။ ဘုရားသခင့် ထံတော်၌ ကျွန်ုပ်တို့သည် အပြစ်မှ နောင်တရဖို့ လိုအပ်ပါသည်။ အကြောင်းမူကား၊ ကျွန်ုပ်တို့သည် ________________ ဖြစ်ကြ၏။

*"ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် မြတ်သလောဟု မေးပြန်သော်၊ အလျှင်းမမြတ်၊ အကြောင်းမူကား၊ ယုဒလူ၊ ဟေလသ လူအပေါင်းတို့သည် အပြစ်ရှိကြောင်းကို အထက်က ပြခဲ့ပြီ။"* ***(ရောမ ၃း၉)***

၁၄။ ယောဘသည် သူ၏ အသက်တာ၌ နောင်တရလာသောအခါ မည်ကဲ့သို့ သော သဘောထားမျိုး သူ့ကိုယ်သူ ဝန်ခံခဲ့သနည်း။

________________________________

*"ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်ကို ရွံရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍နောင်တရ ပါ၏ဟု လျှောက်လေ၏။"* ***(ယောဘ ၄၂း၆)***

၁၅။ လူတစ်ယောက်က မိမိ၏ အပြစ်မှနောင်တရလာပြီးနောက် မည်သည့် အရာကို ရွေးချယ်ပြီး မည်သည့်အရာကို အဓိကထားသနည်း။

________________________________

*"ငါတို့သည် သင်တို့အထဲကို အဘယ်သို့ဝင်ကြသည် အကြောင်း အရာကို သူတို့သည် ကိုယ်တိုင်ကြားပြောကြ၏။ အသက်နှင့် ပြည့်စုံ လျက် မှန်တော်မူသော ဘုရားသခင်၏ အမှုတော်ကို သင်တို့သည် ဆောင်ခြင်းငှာ၎င်း"*

***(၁ သက်သာလောနိတ် ၁း၉)***

၁၆။ (မဿဲ ၃း၈) အတိုင်း၊ ဗတ္တိဇံဆရာယောဟန်သည် အပြစ်မှ နောင်တရသော သူတစ်ယောက်ကို ပြောင်းလဲသော အသက်တာမျိုးနှင့် မြင်စေချင်ပါသလား။

________________________________

*"နောင်တရခြင်းနှင့်ထိုက်တန်သော အကျင့်ကိုကျင့်ကြလော့"။*

***(မဿဲ ၃း၈)***

နောင်တရခြင်းဆိုသည်မှာ ဘုရားသခင်၏ သန့်ရှင်းသော ပညတ်တော်ကို ချိုးဖောက်ခြင်းမှ သော်လည်းကောင်း၊ အမှားကို ပြုလုပ်ခြင်းမှသော် လည်းကောင်း၊ ဘုရားသခင်ကို မိမိ၏ ရန်သူအဖြစ် သတ်မှတ်ခြင်းတို့မှ အမှားကို မြင်၍ အမှန်ကို ဝန်ခံပြီး နားလည် သဘောပေါက်ခြင်း ဖြစ်ပါသည်။ သင်သည် အပြစ်မှ နောင်တရ လာသောအခါ သင်၏ ရွေးချယ်မှုသည် ပြောင်းလဲသော အသက်တာမျိုးဖြစ်ပြီး၊

အပြစ်ထဲ၌ ဆက်လက်ပြီး အသက် မရှင်ခြင်းသာ ဖြစ်ပေသည်။ စစ်မှန်သော နောင်တရခြင်းသည် အသက်တာ ၌ အမှန်တကယ် ပြောင်းလဲခြင်းကို ဆိုလိုသည်။

၁၇။ လူတစ်ယောက်သည် အပြစ်မှ နောင်တရခြင်း သာမက၊ ခရစ်တော်ကိုလည်း မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် ______________ ရမည်။ (ယောဟန် ၃း၁၈)

၁၈။ ထာဝရအသက် ရနိုင်ဖို့အတွက် ဘုရားသခင် ကတိတော်ပေးထားသည်မှာ (ယောဟန် ၃း၃၆)။ အောက်ပါ အဖြေမှန် တစ်ခုကို ခြစ်ပါ -

ကောင်းသောသူများသာလျှင်၊ ( ______ )

သားတော်ကို ယုံကြည်သောသူသာလျှင်၊ ( ______ )

၁၉။ အကယ်၍၊ ကျွန်တော်သည် ခရစ်တော် မိန့်တော်မူသော စကားကို လက်ခံပြီး ယုံကြည်လျှင် - (ယောဟန် ၅း၂၄)

မည်သည့်အရာကို ကျွန်ုပ်ပိုင်ဆိုင်ရသနည်း။ ______________

မည်သည့်အချိန်၌ လက်ခံရရှိမည်နည်း။ ________________

၂၀။ ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို __________ သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ (ယောဟန် ၁း၁၂)

"ကျွန်တော်/ကျွန်မ ယုံကြည်ပြီးပြီ" ဟူ၍ လူတစ်ချို့က ပြောပါလိမ့်မည်။ ဘယ်လိုပဲပြောပြော သမ္မာကျမ်းစာပြောလိုသည့် ယုံကြည်ခြင်း၏ အဓိပ္ပါယ်သည် သာမန် (အပေါ်ယံ ရိုးရိုးလေး) ယုံကြည်ခြင်းထက် သာ၍ ပိုမိုနက်ပါ၏။ ဆိုလိုရင်းမှာ လူတစ်ယောက်က **စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ခြင်း** ဖြစ်ပါသည်။

ကယ်တင်ခြင်း အတွက် သခင်ယေရှုကို ယုံကြည်ခြင်းသည် နိုင်ငံတကာ သူရဲကောင်းများကို ယုံကြည်ခြင်းရခြင်းနှင့် တစ်ကယ့်ကို ခြားနားလှ၏။ သားတော်ကို သိနားလည်ခြင်းနှင့် ယုံကြည်ခြင်းသည် ပုံမှန်ထက်သာ၍ မြင့်မြတ်ပါ၏။ အပြစ်ဒုစရိုက်မှောင်မိုက် ထဲမှ နောင်တ စိတ်နှလုံးအပြည့်နှင့် သခင်ခရစ်တော်ကို မိမိ၏ အသက်သခင်အဖြစ် လက်ခံ ယုံကြည်ခြင်းကို ဆိုလိုပါသည်။

**ယုံကြည်ခြင်း**၏ဆိုလိုရင်းမှာ ခရစ်တော်ထံသို့ **ကိုကိုယ်တိုင် တိုက်ရိုက်** လာဖို့အလိုငှါနှင့် ကယ်တင်ခြင်းအတွက် ယုံကြည်ရဖို့ကို ဆိုလိုခြင်းဖြစ်၏။

တိုင်းပြည်ထဲမှ ခရစ်ယာန် အမျိုးနွယ် လူတိုင်းနီးပါးက ဘုရားသခင်နှင့် သခင်ယေရှုကို ယုံကြည်သည်ပြောဆိုကြသော်လည်း၊ သမ္မာကျမ်းစာက ဖော်ပြထားသည်မှာ နတ်ဆိုးကလည်း ယုံကြည်၏။ ဟုတ်တာပေ့ါ၊ သူသည် ခရစ်ယာန်



မှတ်ချက်။ ။အပိုဒ်ငယ် (၃)တွင် ဖော်ပြသည်အတိုင်း ခရစ်တော်သည် ______________ အတိုင်း ငါတို့ အပြစ်ကြောင့် အသေခံတော်မူ၏။ သမ္မာကျမ်းစာထဲ၌ ဖော်ပြခဲ့သော ဘုရားသခင်သည် ဤလောကသို့ မည်ကဲ့သို့သော ကယ်တင်ရှင်ကို စေလွှတ်ဖို့ရန် ကတိပေးသနည်း။ သခင်ခရစ်တော် တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့၏ အပြစ်ကြွေးဆပ်ပေးနိုင်သောသူ ဖြစ်သည်။ သခင်ခရစ်တော် တစ်ပါးတည်းသာလျှင် ကျမ်းစာ၏ ပရောဖက်ပြုချက်ကျမ်းပိုဒ် (၃၀၀) ကျော်ကို ပြည့်စုံစွာ လိုက်နာဆောင်ရွက်နိုင်သော သူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်တစ်ပါးတည်းသာလျှင် အပြစ်နှင့် ကင်းသောသူဖြစ်၏။

၄။ ကျမ်းစာလာသည်ကား - "ငါသည် ______________ ကို သက်သေခံလျှင် ငါ့သက်သေမတည်။ငါ၏ အကြောင်းကို သက်သေခံသော သူတစ်ပါးရှိသေး၏။ ထိုသူ၏ သက်သေ တည်ကြောင်းကို ငါသိ၏။ သင်တို့သည် ______________ ထံသို့ စေလွှတ်ကြ၏။ သူသည် သမ္မာတရား ဘက်၌ သက်သေခံ၏။" (ရှင်ယောဟန် ၅း၃၁-၃၃ )

အခန်းငယ် (၃၁) ထဲမှာမည်သူက မေရှိ(ခရစ်တော်) ဟုအခိုင်အမာ ပြောဆိုသနည်း။

____________________________

အခန်းငယ် (၃၃) မှာ ယေရှုသည် မည်သူက မေရှိဖြစ်သည်ဟု ကြေညာသနည်း။

____________________________

၅။ ကျမ်းစာလာသည်ကား - "ယောဟန်၏ သက်သေထက် သာ၍ ကြီးသော သက်သေသည် ငါ၌ ရှိ၏။ ______________ တို့ကို ငါပြီးစီးစေခြင်းငှါ ခမည်းတော်သည် ငါ့လက် သို့အပ်ပေးတော်မူ၍၊ ငါပြုသော ______________ သည်လည်း ငါ့ဘက်၌နေ၍၊ ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူသည်အကြောင်းကို ______________ ခံကြ၏။ ______________ သည်လည်း ငါ့ဘက်၌ သက်သေခံတော်မူ၏။ ခမည်းတော်၏ စကားသံတော်ကို သင်တို့သည် မကြား၊ သဏ္ဍာန်တော်ကို မမြင်၊ နှုတ်ကပတ်တော်သည်လည်း သင်တို့၌မတည်။ အကြောင်းမူကား၊ စေလွှတ်တော်မူသောသူကို သင်တို့သည် မယုံကြည်ဘဲနေကြ၏။

သတင်းကောင်းသည် လူတစ်ယောက်၏ ကယ်တင်ခြင်းရနိုင်ဖို့အလို့ငှာ အသေအချာဆုံးသော အရာတစ်ခုဖြစ်ပြီး ထိုအရာအားဖြင့် ဘုရားသခင်နှင့် စစ်မှန်စွာ မိဿဟာယဖွဲ့ခွင့်ကို လည်းရရှိစေသည်။

၂။ ကျမ်းစာလာသည်ကား -" ________________ ကို ပေးစေခြင်းငှာ ခရစ်တော်သည် ငါ့ကို စေလွှတ်တော်မူသည် မဟုတ်။ ________________ တရားကို ဟောစေခြင်းငှာ စေလွှတ်တော်မူ၏။" (၁ကော ၁း၁၇)
ရှင်ပေါလု ပြောဆိုသည်မှာ ဗတ္တိဇံခံယူခြင်းနှင့် ဧဝံဂေလိတရား သတင်းကောင်းသည် ကွဲပြားခြားနားပါသည်။ ၎င်းတို့သည် မတူညီသည့်အရာ ဖြစ်ကြ၏။
အကယ်၍ သတင်းကောင်းနှင့် ဗတ္တိဇံသည် မတူညီခဲ့လျှင် လူတစ်ယောက်က ဘုရားသခင်နှင့် မိဿဟာယဖွဲ့နိုင်ခြင်းငှါ ဗတ္တိဇံခံယူရမလား။ ________________

၃။ ကျမ်းစာလာသည်ကား - "ညီအစ်ကိုတို့၊ ငါသည် သင်တို့အား ဟောပြောဘူးသည်နှင့်အညီ၊ သင်တို့သည် ခံယူ၍ မှီဝဲဆည်းကပ်သော ________________ တရားကို သင်တို့အား တဖန် ငါကြားလိုက်၏။ အထက်က ငါဟောပြောသည် အကြောင်းများကို သင်တို့သည် အကျိုးမဲ့ မယုံဘဲ ________________ လျှင်၊ ထိုဧဝံဂေလိတရား အားဖြင့် ________________________________ မူခြင်းသို့ ရောက်ကြ၏။ ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ________________ အတိုင်း ငါတို့________________ ကြောင့် ________________ ခံတော်မူ၏။ ________________ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ________________ တော်မူ၏။" (၁ကော၊ ၁၅း ၁-၄)

ဧဝံဂေလိ သတင်းကောင်းဆိုသည်မှာ ခရစ်တော်၏ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် သေခြင်းမှထမြောက် ခြင်းသာဖြစ်ပါသည်။
(မှတ်ချက်) အခန်းငယ်သုံးမှာ ခရစ်တော်သည် ကျွန်ုပ်တို့ အပြစ်ကြောင့် အသေခံတော်မူ၏။ ခရစ်တော်သည် လက်ဝါးကပ်တိုင်မှာ အသေခံပေးခြင်းဖြင့် သင်၏ အပြစ်ကြွေးကို ဆပ်ပေးပြီးခဲ့သည်။ ထိုသို့ သင်သည် ကယ်တင်ခြင်းသို့ ရောက်စေဖို့အလို့ငှာ ဖြစ်သည်။



တစ်ယောက် မဟုတ်ပါ။ ထိုသူသည် ကောင်းကင်ဘုံသို့ သွားရလိမ့်မည် မဟုတ်။

*"ဘုရားသခင် တစ်ဆူတည်းရှိသည်ဟု သင်သည်ယုံ၏။ ကောင်းပေ ၏။ နတ်ဆိုးတို့သည် ယုံ၍ကြောက်ရွံ့တုန်လှုပ်ကြ၏။"* **(ယာကုပ် ၂း၁၉)**

နတ်ဆိုးများသည် ဘုရားသခင်ရှိသည်ဟု ယုံကြည်ပါသည်။ နတ်ဆိုး သည် ယေရှုကို ဘုရားသခင်၏သားတော် ဟူ၍လည်းယုံကြည်ပါ၏။ သို့သော် စစ်မှန်သော ယုံကြည်ခြင်းသာ ကယ်တင်ခြင်းသို့ ပို့ဆောင် နိုင်သည်ဟု ဆိုရာတွင် သခင်ခရစ်တော်ကို အမှန်တကယ် အပြည့်အဝ ယုံကြည်ခြင်းကို ဆိုလိုပါသည်။ ကယ်တင်ပိုင်ရှင်သခင်အဖြင့် ဆိုလိုရင်းမှာ သခင်ခရစ်တော်ထံသို့ မိတ်ဆွေ၏ ဘဝတစ်ခုလုံးအတွက် ဝန်ခံပြီး အပ်နှံ ခြင်းသာ ဖြစ်ပါသည်။

မိမိကိုယ်တိုင် ယုံကြည်ခြင်းဖြင့် ထာဝရအသက်ရခြင်းကြောင့် မိမိ အသက်တာကို သခင်ယေရှု ထံတော်၌ ပို၍ စိတ်ချ ယုံကြည်အပ်နှံလာမည်။ ထိုနောက် ခရစ်တော်၏ နောက်တော်သို့ လိုက်နိုင်ဖို့ မိမိ အသက်တာကို ဆက်ကပ် အပ်နှံလုပ်ဆောင်လာမည် ဖြစ်ပါသည်။
ထပ်မံဖတ်ရှုရန် (ယော ၁း၁၂၊ ယော ၃း၁၅-၁၆၊ ၁၈း၃၆၊ ယော ၅း၂၄၊ ၈း ၁၂ နှင့် ၁၄း၆)

ယုံကြည်ခြင်းနှင့် ပတ်သက်၍ ဖော်ပြ ရည်ညွှန်းချက်များသည် (ယုံကြည်သူအတွက်) အထက်ဖော်ပြပါ ကျမ်းချက်များအရ တစ်ဦးတည်း သော ပုဂ္ဂိုလ်ကိုသာ အားလုံး ရည်ညွှန်းထားကြောင်း တွေ့နိုင်ပါသည်။

သမ္မာကျမ်းစာအတိုင်း ထာဝရအသက်ပေးနိုင်သောသူ တစ်ဦးတည်းသာ ရှိပါသည်။ (မှန်ကန်သော အမည်ကို အမှန်ခြစ်ပါ။)

ပေတရု ( ______ )
ပေါလု ( ______ )
ယောသပ် ( ______ )
မာရိ ( ______ )
ယေရှု ( ______ )

